# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၁၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၆-၆-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရန်ကုန်မြို့နှင့် မန္တလေး မြို့ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများ၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများမှာ အားနည်းချက် များရှိနေသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရှိ ကျွန်းနှင့် ကိုင်းမြေများတွင် မြေပဲစိုက်တောင်သူများ အရှုံးပေါ်နေခြင်းနှင့် ပတ်သက်၍ နောင်နှစ်များတွင် အရှုံးပေါ်မှုမှ ကင်းလွတ်အောင် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ရန် အစီအစဉ် ရှိသည်ကို သိရှိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **သမရိုးကျ စိုက်ပျိုးခြင်းမှ အထွက်တိုးစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးတတ်စေရန် တောင်သူ လယ်သမားများ အလွယ်တကူလေ့လာနိုင်ရေး ပျော်ဘွယ် (ချောင်းမကြီး) စိုက်ခြံတွင် မျိုးကောင်းမျိုးသန့်များဖြင့် နည်းပညာပေး သရုပ်ပြစိုက်ခင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **မန္တလေးမြို့ရှိ လေးထပ်တိုက် အဆောက်အအုံအား အာမခံပေး၍ ငွေချေးငှားမှုအပေါ် သာမန် ပဋိညာဉ်စာချုပ် ချိုးဖောက်မှုအား တရားစီရင်ရေး ယန္တရားကို အလွဲသုံးစားပြု၍ ပြစ်မှုကြောင်းအရ တရားစွဲဆိုထားသဖြင့် နိုင်ငံသားတစ်ဦး နစ်နာနေသည်ကို သိပါသလား** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်၊ မင်းကွန်း ယဉ်ကျေးမှုဒေသမှ တစ်နှစ်လျှင်ဝင်ငွေမည်မျှရရှိ၍ ရရှိသော ဝင်ငွေအား မည်သို့ခွဲဝေသုံးစွဲသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **သမဝါယမဝန်ကြီးဌာန အောက်ရှိ ယခင် အခြေခံသမဝါယမပိုင် ဆိုင်ခန်းများကို ဖွင့်လှစ်ခြင်း မရှိဘဲ ပိတ်ထားသည်ကို သိပါသလား၊ ၎င်းဆိုင်ခန်းများကို မည်သို့ဆောင်ရွက်မည်ကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ပြည်သူပိုင် သိမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ဆိုင်ခန်းများအား အိမ်ခန်း ပိုင်ရှင်များထံသို့ မည်သည့် အချိန်တွင် တရားဝင်ပေးအပ်နိုင်မည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်၏ **မူးယစ်ဆေးဝါး ပြဿနာများ လျော့နည်းကျဆင်းသွားရန် နိုင်ငံတော်က မည်ကဲ့သို့ စီမံဆောင်ရွက် နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။